UNHCR
The UN Refugee Agency

# ကျွန်ုပ်တို့အကြောင်းသိရှိနိုင်ရန်

## အရေးကြီးအချက်အလက်များ

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီ (UNHCR) ၏ လုပ်ငန်းအားလုံးသည် လူသားချင်းစာနာမှုလုပ်ငန်းဖြစ်ပြီး၊ နိုင်ငံတကာ အသိအမှတ်ပြုထားသော လူသားချင်းစာနာမှုဆိုင်ရာအခြေခံမှုများဖြစ်သော၊ လူသားချင်းစာနာမှု၊ ကြားနေခြင်း၊ ဘက်မလိုက်ခြင်း နှင့် လွတ်လပ်စွာဆောင်ရွက်ခြင်းစသည့် လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်ပါသည်။ UNHCR သည် မြန်မာနိုင်ငံတွင် အတင်းအကျပ် နေရပ်စွန့်ခွါ ရွှေ့ပြောင်းနေထိုင်နေရသူများ နှင့် ၎င်းတို့၏ခိုလှုံရာဒေသရှိ ရပ်ရွာလူထုအသိုက်အဝန်းများအား ကူညီထောက်ပံ့ရေး နှင့် အရေးပေါ်ကယ်ဆယ်ရေးဝန်ဆောင်မှုများအပါအဝင် မတ်လ(၂၈)ရက်နေ့တွင်ဖြစ်ပွားခဲ့သော ငလျင်ဘေးအကူအညီများအားထောက်ပံ့ ကူညီလျက်ရှိပါသည်။

အကူအညီများကူညီထောက်ပံ့ရာတွင် UNHCRနှင့် ကျွန်ုပ်တို့၏ယုံကြည်စိတ်ချရသောမိတ်ဖက်များမှတဆင့် သင်တို့၏ကိုယ်ရေး အချက်အလက်များကို ပစ္စည်းများကူညီထောက်ပံ့ပေးခြင်းမှတ်တမ်းအဖြစ် ကောက်ခံသိမ်းဆည်းပါမည်။ ထိုအချက်အလက်များတွင် သင်၏အမည်၊ အိမ်ထောင်စုတွင်ပါဝင်သည့်လူဦးရေနှင့် ၎င်းတို့၏လိင်အမျိုးအစား၊ လက်ခံရရှိသည့်ပစ္စည်းအမျိုးအစား၊ လက်မှတ် နှင့်ဖုန်းနံပါတ်အပါအဝင် သင်နေထိုင်လျှက်ရှိသည့်နေရာတို့လည်း ပါဝင်ပါသည်။

အကူအညီများထောက်ပံ့ဖြန့်ဝေပြီးနောက်တွင်လည်း UNHCR၏ ယုံကြည်ရသောမိတ်ဖက်အဖွဲ့မှတဆင့် သင့်အားရွေးချယ်ပြီး ကူညီ ထောက်ပံ့မှုနှင့် ၎င်းတို့၏အသုံးဝင်သုံးစွဲမှုများကို ဆက်သွယ်မေးမြန်းခြင်းရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ UNHCR အနေဖြင့် သင်၏ ကိုယ်ရေးအချက်အလက်များကို ကျွန်ုပ်တို့၏ယုံကြည်ရသောမိတ်ဖက် အဖွဲ့ အစည်းများအား မျှဝေပေးပါလိမ့်မည်။

အကယ်၍သင့်အနေဖြင့် UNHCR၏ အကူအညီအထောက်အပံ့များနှင့် (သို့) သင်လက်ခံရရှိခဲ့သည့်ပစ္စည်းများအတွက် တစ်စုံတစ်ရာ **မေးမြန်းလိုပါက** (သို့) **အကြံပြုချက်(သို့)တိုင်ကြားစရာများရှိခဲ့ပါက** အောက်ဖော်ပြပါများမှတဆင့် UNHCR သို့မေးမြန်းနိုင်ပါသည်။

- **UNHCR၏ အနောက်မြောက်ပိုင်း အကူအညီလိုင်း**ဖြစ်သော ၀၉ ၈၈၀ ၈၉၄ ၇၀၁ (တနင်္လာနေ့ မှသောကြာနေ့ထိ ၈:၃၀ မှ ၅:၀၀ထိ) ဆက်သွယ်နိုင်ပါသည်။
- UNHCR၏ **ဆက်သွယ်ရေးဖောင်တွင်သတင်းစကားပေးပို့ခြင်း**ဖြင့်လည်း ဆက်သွယ်နိုင်ပါသည်။ (https://help.unhcr.org/myanmar/my/suggestion-complaints/)
- UNHCRသို့ အီးမေးလ်ပို့ခြင်းဖြင့်ဆက်သွယ်နိုင်ပါသည်။ myaya@unhcr.org

**အရေးကြီးမှတ်ချက်။ ။ UNHCR၏ အကူအညီအထောက်အပံ့နှင့်ဝန်ဆောင်မှုများအားလုံးသည် အခမဲ့ဖြစ်ပါသည်။ သင်သည် မည်သည့်အချိန်တွင်မဆို UNHCR၏ဝန်ဆောင်မှုသို့မဟုတ်အထောက်အပံ့အတွက် မည်သည့်အခါမျှ ငွေပေးရန်မလိုပါ။**

အကယ်၍UNHCRဝန်ထမ်း သို့မဟုတ် UNHCR ၏ယုံကြည်ရသောမိတ်ဖက်အဖွဲ့များမှ သင်(သို့) တခြားတစ်ယောက်ဆီမှ ငွေကြေး (သို့) တခြားသော (လိင်ပိုင်းဆိုင်ရာ) မျက်နှာသာပေးမှုများတောင်းခံလာပါက အထက်ဖော်ပြပါမည်သည့်နည်းလမ်းများ သို့မဟုတ် UNHCR ရုံးချုပ်ရှိ စစ်ဆေးရေးမှူးရုံးသို့ တိုက်ရိုက်သတင်းပို့တိုင်ကြားနိုင်ပါသည်။

- **အီးမေးလ်**မှတဆင့် (inspector@unhcr.org)
- **အွန်လိုင်းပေါ်ရှိ တိုင်ကြားစာ**လင့်ခ်မှ တဆင့်လည်းတိုင်ကြားနိုင်ပါသည်။ ဤ UNHCR ဝဘ်ဆိုဒ်တွင် အကျင့်ပျက်ခြစားမှုကို မည်သို့သတင်းပို့ရမည်ကို ပိုမိုလေ့လာတွေ့ရှိနိုင်ပါသည်။ (https://help.unhcr.org/myanmar/my/reporting-fraud-and-misconduct/)

**UNHCR အနေဖြင့် တိုင်ကြားချက်များအားလုံးကို အလေးအနက်ထား ဆောင်ရွက်ပါသည်။ တိုင်ကြားစာပေးပို့ခြင်းသည် UNHCR ၏ ကူညီထောက်ပံ့မှုအား မည်သို့မျှ ထိခိုက်သက်ရောက်စေမည် မဟုတ်ပါ။ အကယ်၍ သင်တိုင်ကြားခဲ့ပါက UNHCR အနေဖြင့် ၎င်း ကို လျှို့ဝှက် လုံခြုံစွာ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ သင့်အနေဖြင့် အမည်ဝှက်ဖြင့်လည်းတိုင်ကြားနိုင်ပါသည်။ ကျေးဇူးပြုပြီး ဖြစ်နိုင်လျှင် အချက်အလက်များနှင့် အကြောင်းအရာများကို အသေးစိတ်ဖော်ပြပေးပါ။**